dvbdebate.com facebook.com/dvb.debate Twitter@dvbdebate

"ဒီဗွီဘီ ဒီဘိတ်"အခြေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB multimedia Group ကနေ အပတ်စဉ် စနေနေ့တိုင်း ရိုက်ကူးကာ ဒီဗွီဘီရုပ်သံလိုင်းမှတဆင့် ထုတ်လွှင့်ပေးနေတာဖြစ်ပါတယ်။

**DVB TV**

| | |
|---|---|
| Sunday | 7.30 pm |
| Monday | 1.30 am / 7.30 am / 1.30 pm |
| Wednesday | 8.45 pm |
| Thursday | 2.45 am / 8.45 am / 2.45 pm |
| Friday | 7.30 pm |
| Saturday | 1.30 am / 7.30 am / 1.30 pm |

**DVB RADIO**

| | |
|---|---|
| Saturday<br>Sunday | Evenings<br>Mornings |

**DVB ONLINE**

| | |
|---|---|
| dvbdebate.com<br>facebook.com/<br>dvb.debate<br>twitter @dvbdebate | 24/7 |

DVB Debate ဟာ အတွေးမြင်အယူအဆများ ဖလှယ်ကာ လွတ်လပ်စွာ သဘောထားကွဲလွဲနိုင်ရန်၊ အပြန်အလှန်နားလည်မှုများ ဖန်တီးတည်ဆောက်ရန်၊ မြန်မာ့အနာဂတ်ပိုမိုကောင်းမွန်လာစေဖို့ လူ့အဖွဲ့အစည်းအတွင်းမှာရှိနေတဲ့ ပြဿနာများကို အဖြေရှာနိုင်စေရန်နှင့် လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားမှုတွေကို လက်ခံပေးနိုင်တဲ့ အခြေအတင်ဆွေးနွေးခြင်း ယဉ်ကျေးမှုပေါ်ထွက်လာစေရန် ရည်ရွယ်ပါတယ်။

အဖွဲ့အနေဖြင့် အခြား မီဒီယာများနှင့် ဆွေးနွေးပွဲ အသင်းအဖွဲ့များကိုလည်း ယခုပဏာမဆောင်ရွက်ချက်ဖြစ်တဲ့ ပွင့်လင်းတဲ့ အခြေအတင်ဆွေးနွေးပွဲများမှာ ပါဝင်လာဖို့ ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓါတ်ပုံများနှင့် ကာတွန်းများကို ရုပ်သံရိုက်ကူးအပြီး မကြာခင်မှာပဲ ဒီဗွီဘီ ဒီဘိတ်၏ ဖေ့ဘုတ် စာမျက်နှာနှင့် ဝက်ဘ်ဆိုဒ်များမှာ ကြည့်ရှုနိုင်ပါတယ်။ ပြည်တွင်းရှိ အခြေအတင်ဆွေးနွေးပွဲ အစီအစဉ်များကို ပံ့ပိုးကူညီမှုများ ပြုလုပ်နိုင်ရန်အတွက်လည်း DVB Debate မှာ ရန်ပုံငွေများရှိပါကြောင်းအသိပေးလိုပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့

***How corrupt is Burma's legal system?***

ဆိုတာပဲဖြစ်ပါတယ်။

- ❖ မှတ်ချက်ပြုလိုသည်များ၊ အကြံပေးလိုသည်များနှင့် မေးခွန်းများ မေးမြန်းလိုပါက ရုံးချိန်အတွင်း ၀၁ ၂၉၂၇၄၃ သို့ဆက်၍ဖြစ်စေ၊ debate@dvb.no သို့ဖြစ်စေ ဆက်သွယ်၍ အဖွဲ့ဝင်တဦးဦးထံသို့ မေးမြန်းနိုင်ပါသည်။

**This week's topic is CORRUPTION IN THE JUDICIARY**

**History:**

မြန်မာနိုင်ငံဟာစစ်အစိုးရတက်လာပြီးနောက်ပိုင်းတရားစီရင်ရေးနဲ့အကျင့်ပျက်ခြစားမှုတွေမှာ အရမ်းဆိုးရွားလာခဲ့ပါတယ်။ တရားသူကြီးတွေဟာလည်းစစ်အစိုးရရဲ့ချုပ်ကိုင်မှုအောက်မှာအမိန့်နာခံခဲ့ရပြီးလာဘ်ပေးလာဘ်ယူမှုတွေဟာလည်းထင်ရှားခဲ့ပါတယ်။ လွတ်လပ်တဲ့ရှေ့နေများအဖွဲ့အစည်း မရှိတဲ့အတွက် မြန်မာနိုင်ငံမှာရှိတဲ့ရှေ့နေတွေဟာဒီစနစ်ကြီးအောက်မှာအကာအကွယ်ကင်းမဲ့ခဲ့ရပါတယ်။ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေလုပ်ပြီးနောက်ပိုင်းမှာတော့ အာဏာပိုင်တွေဟာတရားစီရင်ရေးဆိုင်ရာတွေမှာအနှောက်အယှက်တွေကိုသိသိသာသာလျှော့ချလာခဲ့ပါတယ်။ ရှေ့နေတွေကတော့ သူတို့ရဲ့လွတ်လပ်မှုအတွက် အခက်အခဲတွေကြုံတွေ့နေရဆဲပါ။ သူတို့တွေဟာအခုချိန်ထိ နိုင်ငံရေးနဲ့ပါတ်သတ်တဲ့ ရာဇဝတ် မှုတွေမှာ ခြိမ်းခြောက်ခံနေရဆဲလည်းဖြစ်ပါတယ်။

**Facts & figures:**

-မြန်မာနိုင်ငံဟာ ၂၀၁၃ ခုနှစ်မှာ ကမ္ဘာ့အကျင့်ပျက်ခြစားမှုအရှိဆုံး ၂၀ နိုင်ငံမြောက်မှာရှိနေသည်။ - Source (Transparency International)

ခြစားမှုများတိုက်ဖျက်ရန်အတွက် အဂတိလိုက်စားမှုဥပဒေအား ၂၀၁၃ ခုနှစ် ဩဂုတ်လ ၈ ရက်တွင် ပြဋ္ဌာန်းခဲ့သည်။

မြန်မာနိုင်ငံရဲ့ ရာဇဝတ်မှုတွေစီရင်တဲ့အခါမှာ တရားခံ ၉၀ ရာခိုင်နှုန်းဟာထောင်သွင်းအကျဉ်းချခံခဲ့ကြရပါတယ်။

**Points of view:**

" မြန်မာနိုင်ငံသားတွေဟာ တရားဥပဒေစိုးမှုကင်းမဲ့တဲ့ဒဏ်ကို နှစ်ပေါင်းများစွာခံစားနေရပါတယ်။
မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီစနစ်ခိုင်မာဖို့အတွက် အရေးကြီးဆုံးဖြစ်တဲ့ တရားစီရင်ရေးမဏ္ဍိုင်ဟာ အလွန်ကို အားနည်းနေတာမို့ ဒါကိုပြုပြင်နိုင်ဖို့ အမြန်ဆုံးကြိုးစားမယ် ”
အောင်ဆန်းစုကြည် (NLD ဥက္ကဌ)

" တရားစီရင်ရေး ကဏ္ဍမှာ အကျင့်ပျက်မှုများ အမြစ်တွယ်နေ ”
(ဦးမြင့်အောင်) ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး

" လက်ရှိမြန်မာနိုင်ငံရဲ့ တရားဥပဒေစိုးမိုးမှုဟာ ကမ္ဘာမှာအနိမ့်ကျဆုံးစာရင်းထဲပါဝင်နေပြီး တရားစီရင်ရေးဟာ လည်း အဂတိတရားတွေဖုံးလွှမ်းနေတယ် ” -
သူရဦးအောင်ကို (တရားစီ ရင်ရေးနှင့် ဥပဒေရေးရာကော်မတီ ဥက္ကဌ)

" တရားသူကြီးတစ်ယောက်ရဲ့လစာက ၁၀ သိန်းနဲ့ ၁၅ သိန်းကြားရှိမှသာ အဆင်ပြေလိမ့်မယ်၊ အဲဒီလိုမျိုး နိုင်ငံတော်က လောက်ငအောင်မပေးနိုင်ဘဲ လာဘ်စားတာကိုပြောနေမယ်ဆိုရင်တော့ မတရားသလိုဖြစ်နေ ပါတယ်”
ဦးကြီးမြင့် (တရားလွှတ်တော်ရှေ့နေ)

**Information links:**

http://newperimeter.org/our-work/access-to-justice/myanmar-rule-of-law.html
www.unionsupremecourt.gov.mm
www.blc-burma.org/
www.aappb.org/
www.burmapartnership.org/
www.dvb.no/